## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

**(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။** ။ တပ်ကုန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်တွင်တည်ရှိသောကျေးရွာ ဖြစ်ပါသည်။ ရွာပတ်လည်တွင် ဟသ်ာချောင်းနှင့် လယ်ကွင်းများရှိပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ ။** ။ကျွန်တော်တို့ကျေးရွာတွင် သဲကျောက်၊ ဂျင်းတောင်များ မရှိပါ။ကျွန်တော်တို့ရွာအနီးတောင်များတွင် ဆေးဘက်ဝင်အပင်များ အနည်းငယ် ပေါက်ရောက်နေပါသည်။ သဘာဝတောတွင်းတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ်တွေ့ရှိရပါသည်။ ကျွဲ၊နွားတိရိစ္ဆာန်စားကျက်များလည်း ပေါများပါသည်။

## (၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

**(က) လူဦးရေဆိုင်ရာအချက်လက်များ။** ။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပါသည်။ အိမ်ထောင်စု(၆၀)စုရှိပြီး လူဦးရေ စုစုပေါင်း(၂၈၈)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅-၆)ဦးရှိပါသည်။ ကျွန်တော်တို့ကျေးရွာ၏ လူဦးရေမှာ နို့စို့အရွယ်ကျား ၅ ဦး၊ မ ၄ ဦး။ ၅နှစ်အောက်ကလေးငယ်မှာ ကျား ၉ဦး၊ မ ၆ ဦး၊ မူလတန်းကျောင်းသားအရွယ် ကျား ၁၂ ဦး၊ မ ၁၁ ဦး၊ အလယ်တန်းအရွယ် ကျား၁၅ ဦး၊မ ၁၄ ဦး၊၁၅နှစ်မှ ၆၄နှစ် အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား၁၀၄ဦး၊ မ ၉၄ ဦး၊ ၆၅နှစ်နှင့်အထက် ကျား ၅ ဦး၊ မ ၉ ဦး ရှိပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။** ။ ကျွန်တော်တို့ကျေးရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ ကျွန်တော်တို့ရွာ၏ လယ်ယာစိုက်ပျိုး ရေးသည် မိုးရွာမှမိုးရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုကြပြီး တစ်သီးစားလယ်ယာများဖြစ်ကြပါသည်။ မိုးရာသီမှလွဲ၍ နွေနှင့်ဆောင်းရာသီများတွင် အခြားသီးနှံများစိုက်ပျိုး၍ အဆင်မပြေပါ။ အိမ်ထောင်စု (၃၆)အိမ်သည် ကိုယ်ပိုင်လယ်ယာလုပ်ကိုင်သူများဖြစ်ကြသည်။ ကိုယ်ပိုင်လယ်ယာပိုင်ဆိုင်သူများ ကြသဖြင့် မိသားစုများမှာ ကိုယ်ပိုင်လယ်များကိုလုပ်ကိုင်နေကြရသဖြင့် အလုပ်သမားများလည်း ခေါ်ယူရာတွင်ခက်ခဲပြီး ကိုယ်ပိုင်သာလုပ်ကိုင်ကြပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးအတွက် လုပ်အားခမှာအမျိုးသားမှာ အများဆုံးကျပ် (၅၀၀၀)နှင့်အမျိုးသမီးမှာ အများဆုံးကျပ်(၄၀၀၀)သတ်မှတ်ထားကြပါသည်။

ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ(၃၃)အိမ်၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၁၀)အိမ်၊မပြေလည်သောအိမ်ထောင်စုမှာ (၁၇)အိမ် ရှိပါသည်။

အသုံးပြုကြပါသည်။သို့သော် လက်တူးတွင်းများသည် မိုးရာသီတွင် တစ်နှစ်ပတ်လုံး ရေသုံးစွဲ၍ ရသော်လည်း နွေရာသီတွင် ခမ်းခြောက်ပါသည်။ထို့ကြောင့်ကျွန်တော်တို့ရွာတွင် စိုက်ပျိုးရေးအတွက် ရေသာအနည်းငယ်ရှားပြီး သောက်သုံးရေအတွက်မူ ရေမရှားပါးချေ။

ကျွန်တော်တို့ကျေးရွာသည် စပါးကိုအဓိကထားစိုက်ပျိုးကြပါသည်။ စပါးမှာ (၁)ဧကလျှင် အများဆုံးတင်း(၇၀)မှ အနည်းဆုံး တင်း(၂၅)တင်း ထွက်ရှိပါသည်။စိုက်ပျိုးကာလမှာ ၄လခန့်ကြာမြင့်ပါသည်။

ကျွန်တော်တို့ရွာတွင် လက်တွန်းထွန်စက်ပိုင်ဆိုင်သူ (၁၃)ဦး၊ ငှားရမ်းသူ(၂)ဦး၊ ခြွေလှေ့စက်ပိုင်(၂)ဦး၊ရေစုပ်စက်ပိုင်(၁၉)ဦး နှင့် မြက်ရိပ်စက်ပိုင်ဆိုင်သူ(၁၃)ဦး ရှိ ပါသည်။

ကျွန်တော်တို့ကျေးရွာ၏ သဘာဝရေမြေအနေအထားမှာ အသင့်အတင့်ရှိပါသည်။ လယ်ယာမြေများအား အဓိကထားအသုံးချ၍ စိုက်ပျိုးကာ ဝမ်းရေး၊လူမှုရေး၊ဘာသာရေး၊ ပညာရေးတို့အတွက် ဖြေရှင်းကြရပါသည်။စိုက်ပျိုးရေအရင်းအမြစ်မှာ ရေသွင်းမြောင်းကိုသာ အားထားရသဖြင့် မိုးရာသီမှသာ စိုက်ပျိုးနိုင်သောအခြေအနေရှိပါသည်။ ချေးငွေနှင့် ဝန်ဆောင်မှုများကို စိုက်ပျိုးရေးဘဏ်၊သမဘဏ်တို့မှ အသင့်အတင့်ရရှိပါသည်။သီးနှံမျိုးစေ့ရရှိနိုင်မှုမှာလည်း လွယ်ကူပါသည်။မြေဆီ၊မြေသြဇာရရှိမှုမှာလည်း အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ လုပ်သားရရှိနိုင်မှုအနည်းငယ်ခက်ခဲပြီး နည်းပညာပိုင်းဆိုင်ရာများ ရရှိမှုနည်းပါးပါသည်။ သီးနှံဈေးကွက်ရှိသော်လည်း လမ်းပမ်းဆက်သွယ်ရေးအနေအထားအရ ဈေးကောင်းရရှိမှုနည်းပါးပါသည်။

လုပ်သားရရှိ နိုင်မှုအနည်းငယ်ခက်ခဲပြီး နည်းပညာပိုင်းဆိုင်ရာများ ရရှိမှုနည်းပါးပါသည်။ သီးနှံဈေးကွက် ရှိသော်လည်း လမ်းပမ်းဆက်သွယ်ရေးအနေအထားအရ ဈေးကောင်းရရှိမှု နည်းပါးပါသည်။သီးနှံဖျက်ပိုးများကျရောက်မှု အနည်းငယ်ကြုံတွေ့ရပါသည်။

ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးတစ်နိုင်တစ်ပိုင်မွေးမြူသော အိမ်ထောင်စုများရှိပါသည်။နွားမွေးမြူသောအိမ်(၂၅)အိမ်ရှိပြီး နွားအကောင်ရေ(၁၀၈)ကောင်နှင့် ကျွဲမွေးမြူသော အိမ်(၁၁)အိမ်၊ကျွဲအကောင်ရေ(၆၂)ကောင်၊ဝက်မွေးမြူသောအိမ်(၄၇)အိမ်၊ဝက်အကောင်ရေ(၂၅၉)ကောင် ၊ ကြက်မွေးမြူသောအိမ်(၅၂)အိမ်၊ ကြက်အကောင်ရေ(၆၆၀)ကောင်နှင့် ဘဲမွေးမြူသောအိမ် (၁)အိမ်၊ ဘဲအကောင်ရေ(၃)ကောင် ရှိပါသည်။

မွေးမြူရေးလုပ်ငန်းများတွင်တွင်ကျယ်ကျယ်လုပ်ကိုင်ရန်အတွက် စားကျက်မြေပိုင်ဆိုင်မှုမှာ အသင့်အတင့်ရှိပါသည်။ရေရရှိနိုင်မှာလည်း အသင့်အတင့်ရှိပါသည်။တိရစ္ဆာန်မျိုးစိတ်များအား အသင့်

အတင့်ဝယ်ယူနိုင်ပါသည်။ချေးငွေရရှိမှုလည်း အသင့်အတင့်ရှိပါသည်။ မွေးမြူရေးဈေးကွက်မှာလည်း အသင့်အတင့်ရှိပါသည်။မွေးမြူရေးနည်းပညာမှာ ရရှိမှုနည်းပါးပါသည်။

မွေးမြူရေးလုပ်ငန်းများအတွက် ပြဿနာအခက်အခဲများမှာ စားကျက်မြေပေါပေါများများမရှိခြင်း၊ရေပေါပေါများများမရှိခြင်း၊ချေးငွေများလုံးဝမရရှိပါ။။မျိုးစိတ်များအလွယ်တကူရရှိနိုင်သော်လည်း မွေးမြူရန်နည်းပညာမရရှိခြင်း၊ဈေးကွက်ကောင်းသော်လည်း လမ်းပန်းဆက်သွယ်ရေး အခြေအနေအရ အချိန်မီမရောက်ရှိနိုင်သောကြောင့် ပြဿနာအခက်အခဲများ အနည်းငယ်ရှိပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။** ။ ကျွန်တော်တို့ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးအတွက် လုပ်အားခမှာအမျိုးသားမှာ အများဆုံးကျပ် (၅၀၀၀)နှင့် အမျိုးသမီးမှာ အများဆုံးကျပ်(၄၀၀၀)သတ်မှတ်ထားကြပါသည်။

ကျေးရွာတွင်စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအားတွင်တွင်ကျယ်ကျယ်လုပ်ကိုင်နိုင်ခြင်းမရှိပါ။အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ရွာသည် လမ်းပန်းဆက်သွယ်ရေးအခြေအနေအရ အဆင်မပြေခြင်း၊နည်းပညာမရရှိခြင်း၊ တီထွင်နိုင်မှုမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလန်းများနည်းပါးခြင်းတို့ကြောင့် ပြဿနာများကြုံတွေ့နေရပါသည်။

ကျွန်တော်တို့ကျေးရွာတွင် အခြားအသက်မွေးဝမ်းကြောင်းလုပ်ငန်းများလုပ်ကိုင်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးမကောင်းပါ။ကုန်ကြမ်းရရှိနိုင်မှု နည်းပါးပါသည်။ အလုပ်အကိုင်အခွင့်အလန်းများလည်း နည်းပါးပါသည်။

**(ဃ) ရွှေ့ပြောင်းလုပ်သားများ။** ။ ကျွန်တော်တို့ကျေးရွာတွင် တခြားနေရာသို့ ရွှေ့ပြောင်းသွားလာသော အိမ်ထောင်စု(၁)အိမ် ရှိပါသည်။ ပြည်တွင်းသို့ရွှေ့ပြောင်းသွဦးလာသူ ကျား(၁)ဦး၊ ပြည်ပသို့သွားရောက် လုပ်ကိုင်သူ မရှိပါ။ ၁၂လအထက် ကျား ၁ ဦး ရွှေ့ပြောင်း အလုပ်လုပ်ကိုင်ရန် သွားရောက်ကြပါသည်။

ကျေးရွာရှိ ပြောင်းရွှေ့လုပ်ကိုင်သူများသည် ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် အခွင့်အလမ်းများရှာဖွေရန် သွားရောက် ကြခြင်းဖြစ်ပါသည်။

ရွှေ့ပြောင်းလုပ်ကိုင်နေကြသူများထဲမှ ပြန်ပို့ငွေကိုမှီခိုနေရသောအိမ်ထောင်စု (၁)အိမ် ရှိပါသည်။ပြန်ပို့ငွေအနိမ့်ဆုံးပို့သူဖြစ်ပါသည်။ ငွေလွှဲလုပ်ငန်းမျာ ဘဏ်စနစ်တစ်ခုထဲသာ ရှိပါသည်။

**(င) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။** ။ ကျွန်တော်တို့ကျေးရွာနှင့် အနီးဆုံးဈေးမှာ (၃)မိုင်ကွာဝေးပါသည်။ သယ်ယူပို့ဆောင်ရေးနည်းမှာ ကား၊ဆိုင်ကယ်၊နွားလှည်းဖြင့် ပစ္စည်း များကို သယ်ယူရပါသည်။ မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် ဆိုင်ကယ်၊

နွားလှည်းကို အသုံးပြုကြသည်။ ကုန်စည်နှင့်ဝန်ဆောင်မှုရရှိနိုင်မှုမှာ လိုအပ်သည့်ပစ္စည်းများ မရနိုင်ပါ။ ဈေးအခြေခံအဆောက်အဦးမှာ အသားဖြင့်တည်ဆောက်ထားပြီး အချိန်ကာလ အလွန်ကြာမြင့်သဖြင့် အလွန်ပင်ဟောင်းနွမ်းဆွေးမြေ့နေပါသည်။ သန့်ရှင်းရေးနှင့်ဝန်ဆောင်မှုမှာ အလွန်ပင်အားနည်းလှပါသည်။ အကြီးစားဈေးနှင့် (၈)မိုင်ကွာဝေးပါသည်။ သယ်ယူပို့ဆောင်ရေးမှာ ကား၊ဆိုင်ကယ်၊သုံးဘီးတို့ အများဆုံးအသုံးပြုပါသည်။ ကုန်စည်ဝန်ဆောင်မှုမှာ အသင့်အတင့်ရှိပါသည်။ ဈေးအခြေခံ အဆောက်အဦးမှာကောင်းပါသည်။ ကျွန်တော်တို့ရွာမှ ထွက်ရှိသော ကုန်ကြမ်းများကို အကြီးဆုံးဈေးသို့ ရောင်းချနိုင်လျှင် အမြတ်စွန်းများပို၍ ရနိုင်ပါသည်။

ကျွန်တော်တို့ ဝန်းသိုမြို့နယ်သည် မြစ်ကမ်းနဘေးတွင် တည်ရှိသောမြို့နယ်မဟုတ်ခြင်း၊ ချောင်းရေမှာ (၁၂)လရာသီမရှိခြင်းတို့ကြောင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးစနစ်မှာ မရှိပါ။

ကျွန်တော်တို့ကျေးရွာတွင် ဈေးသို့ကုန်စည်များသယ်ပို့ပို့ဆောင်ရောင်ဝယ်ဖောက်ကားရန် စက်ဘီး(၂၃)စီး၊မော်တော်ဆိုင်ကယ်(၅၆)စီး၊သုံးဘီး(၁)စီး၊ကား(၁)စီး၊ နွားလှည်း (၃၂)စီးရှိပါသည်။

**(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။** ။ ကျွန်တော်တို့ကျေးရွာရှိ တောင်သူလယ်သမားများကို မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ၃လမှ ၆လအတွင်း ကာလတိုချေးငွေဖြစ်ပြီး မြန်မာ့စိုက်ပျိုးရေးဘဏ်အတိုးနှုန်းမှာ(၁%မှ၂%)သာဖြစ်ပါသည်။ လယ်ဂရံ များကို အပေါင်ခံပစ္စည်းအဖြစ် ယူဆောင်သွားရသည်။ စပါးများကို ဈေးနှုန်းအခက်အခဲကြောင့် နောက်ကျမှ ရောင်းရခြင်း၊ သီးနှံဈေးနှုန်းမှန်ကန်စွာမရခြင်း တောင်သူများ ခံစားနေရပါသည်။ သမဘဏ်မှလည်း ချေးငွေရရှိပါသည်။သမဘဏ်အတိုးနှုန်းမှာ (၁%မှ၂%)အထိဖြစ်ပါသည်။ အပေါင် ပစ္စည်းပေးရန် မလိုပါ။ကျေးရွာတွင်ပုဂ္ဂလိကအသေးစားချေးငွေများ ချေးပေးကြပါသည်။ အပေါင် ပစ္စည်းပေးရန် မလိုပါ။

**(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။** ။ ကျွန်တော်တို့ကျေးရွာတွင် သဲကျောက်၊ ဂျင်းတောင်များ မရှိပါ။ကျွန်တော်တို့ရွာအနီးတောင်များတွင် ဆေးဘက်ဝင်အပင်များ အနည်းငယ် ပေါက်ရောက်နေပါသည်။ သဘာဝတောတွင်းတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ်တွေ့ရှိရပါသည်။ ကျွဲ၊နွားတိရိစ္ဆာန် စားကျက်များလည်း ပေါများပါသည်။

ကျွန်တော်တို့ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ အနည်းငယ်သာရှိပါသည်။ သဘာဝအရင်းအမြစ်များ အသင့်တင့်ရှိပါသည်။မိုးခေါင်ခြင်းများ အနည်းငယ်ကြုံတွေ့ရပါသည်။ မုန်တိုင်းနှင့် ငလျင်၊မီးဘေးအန္တရာယ်ကျရောက်များမရှိပါ။ငှက်ဖျားရောဂါ၊တီဘီရောဂါအနည်းငယ် ဖြစ်ပွားကြပါသည်။ ပြည်တွင်း ပဋိပက္ခများမရှိပါ။လူကုန်ကူးခြင်းများမရှိပါ။

ကျွန်တော်တို့ရွာသည် လွန်ခဲ့သောနှစ်ကာလအတွင်း သဘာဝသစ်တော၊ စိမ့်စမ်းရေထွက်ရှိသော နေရာများနှင့် တိရိစ္ဆာန်များ ပေါများသောဒေသဖြစ်ပါသည်။ လက်ရှိအချိန်တွင် တရားမဝင်သစ်ခိုးထုတ်မှုနှင့် စည်းကမ်းမဲ့၊ သစ်ခုတ်ခြင်းများကြောင့် သဘာဝမှုရသော မြေဆီ၊ မြေသြဇာများနည်းပါးလာခြင်း၊ ချောင်း၊ မြောင်းများနှင့် စိမ့်စမ်းရေများ၌ ရေနည်းပါးလာခြင်း၊ စိုက်ပျိုးမြေယာများ အစိုးတတ်ထိမ်းသိမ်းမှု မရှိခြင်းတို့ဖြစ်ပါသည်။ သဘာဝသစ်တောများ ပျက်စီးလာခြင်းကြောင့် ကျွန်တော်တို့အနေနဲ့ရွာနီးပတ်ဝန်းကျင်ရှိ သစ်တောများကို ကျွန်တော်တို့ရွာသူ၊သားများက ကျေးရွာပိုင်သစ်တောအဖြစ် ထိန်းသိမ်းလျှက်ရှိပါသည်။ သစ်ပင်များ စိုက်ပျိုးရန် စီစဉ်နေပါသည်။

**(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။** ။ ကျွန်တော်တို့ကျေးရွာတွင် မူလတန်းကျောင်းရှိပါသည်။မူလတန်းကျောင်းဆောင်မှာ အသင့်အတင့်ကောင်းမွန်ပါသည်။ စက်ဘီး၊ ဆိုင်ကယ်၊ ခြေလျှင်ဖြင့်တက်ရောက်ကြပါသည်။ကလေးငယ်များဘေးကင်းလုံခြုံစွာ သင်ယူနိုင်ကြပါသည်။ ကျောင်းသုံးပရိဘောဂများမှာ ကျွန်တော်တို့ရွာတွင်မလောက်ငှပါ။ ဆရာ၊ ဆရာမ အင်အား လုံလောက်မှုမရှိပါ။အဟာရတိုက်ကျွေးမှု မရှိပါ။

ကျွန်တော်တို့ကျေးရွာတွင် ကျောင်းသားအင်အားနှင့်ဆရာ၊ဆရာမအချိုးမှာ မမျှတပါ။ မသန်စွမ်းသော ကျောင်းသားကလေးများမရှိပါ။ထိုသူများအတွက် အထူးအစီအစဉ်များလည်း မရှိပါ။ ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာလုံလောက်မှုလည်းမရှိပါ။ဆင်းရဲ၍ ကျောင်းမတက်နိုင်သော မိသားစုများမှ ကလေးငယ်မျာလည်းရှိပါသည်။ကျောင်းအားကစားဆိုင်ရာပစ္စည်းများလည်း မရှိပါ။ မိဘဆရာအသင်းကဏ္ဍမှာ တက်ကြွစွာပါဝင်လှုပ်ရှားနိုင်ကြပါသည်။

ကျွန်တော်တို့ကျေးရွာတွင် မိုးဦးရာသီအစ၌ ဝမ်းလျှောရောဂါနှင့် ငှက်ဖျားရောဂါ အနည်းငယ်ခံစားရသည်။ ဧပြီလနှင့် မေလများတွင် သွေးလွန်တုတ်ကွေးရောဂါကို အနည်းငယ် ခံစားရပါသည်။ ဥတုကူးပြောင်းချိန်တွင် အသက်ရှုလမ်းကြောင်း ရောဂါများ လည်းဖြစ်ကြပါသည်။ ဥပမာ။ ခါတ်မတည့်၊ ချောင်းဆိုး၊ နှာစေးနှင့် အခြားရောဂါများ ဖြစ်ပါသည်။

ကျွန်တော်တို့ကျေးရွာအုပ်စုတွင် ကျန်းမာရေးဆေးပေးခန်း ကျေးလက်ကျန်းမာရေး ဌာန(ခွဲ) ရှိပါသည်။ လစဉ်ကျမ်းမာရေးဆရာမများမှ လစဉ်ဆေးများထိုးနှံမှုများကိုထိုးနှံပေးကြ၍ အဆုတ်ရောဂါ၊ဆုံဆို့နာ၊ကြက်ညှာ၊မေးခိုင်နှင့် ဝက်သက်ရောဂါများဖြစ်ပွားမှုမရှိပါ။ အဟာရတိုက် ကျွေးမှုများ လည်း လစဉ်၊ အပတ်စဉ် ရှိပါသည်။

ကျွန်တော်တို့ကျေးရွာအုပ်စုတွင် ကျန်းမာရေးဌာနခွဲရှိသော်လည်း ဆေးဝါး၊ဆရာမ မလုံလောက်မှုကြောင့် ဂျိုးတောင်တိုက်နယ်ဆေးရုံ၊ဝန်းသိုမြို့နယ်ပြည်သူ့ဆေးရုံသို့လည်း သွားရောက် ကုသကြရပါသည်။၅မိုင်မှ၁၀မိုင်အထိဝေးကွာပါသည်။

ကျွန်တော်တို့ကျေးရွာတွင်လက်တူးတွင်း(၂၆)တွင်းသာရှိပါသည်။ နွေ၊မိုး၊ဆောင်းဥတု သုံးပါးစလုံး အသုံးပြုနိုင်ကြပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ကျန်းမာရေးအခြေအနေအရ အဓိကအရေးပါလှသော ယင်လုံ အိမ်သာများမှာ အိမ်ခြေ(၃၉)လုံးရှိပြီး အိမ်သာမရှိသောအိမ်(၂၁)အိမ် ရှိပါသည်။

**(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။** ။ ကျွန်တော်တို့ရွာ၏ လမ်းများနှင့် ကျေးရွာချင်းဆက်သွားလာသော လမ်းများသည် မြေသားလမ်းများဖြစ်၍ မိုးရာသီ၌ ရွာထဲလမ်းများနှင့် အဓိက လမ်းမကြီးသည် လူများ၊ ဆိုင်ကယ်များသွားလာရာတွင် အလွန်ခက်ခဲလျှက်ရှိပါသည်။ ရွာ၏ချဉ်းကပ်လမ်းများနှင့် အဓိကလမ်းမကြီးများရှိ ရေကျော်များသည် မိုးများလျှင်ရေအလွန်များသောကြောင့် အရေးပေါ် သွားလာသူများ အလွန်အမင်း ဒုက္ခရောက်လျှက်ရှိပါသည်။ ပွင့်လင်းရာသီရောက်လျှင်လည်း မိုးများထားသောကြောင့် ရေတိုက်စားခြင်း ၊ချိုင့်ခွက်များ ရှိကာ တစ်ရွာမှတစ်ရွာကို သွားလာရာတွင် ကြန့်ကြာမှုရှိပါသည်။

ကျွန်တော်တို့ရွာတွင် သစ်သားတံတား(၁)စင်း ရှိပါသည်။

ကျွန်တော်တို့ရွာ၏ လျှပ်စစ်မီးရရှိမှုအခြေအနေမှာ မဟာဓာတ်အားလိုင်း(၁၂)အိမ်၊ ဆိုလာ (၄၁)အိမ်နှင့် လျှပ်စစ်မီးအသုံးမပြုနိုင်သူ(၄၈)အိမ် ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ဆက်သွယ်ရေးတွင် ဖုန်း(၁၀၃)လုံး၊ ရေဒီယို(၉)လုံး၊ တီဗွီ(၄၂)လုံးနှင့် PSI စလောင်း(၃၇)လုံး ပိုင်ဆိုင်ကြပါသည်။

**(ည) လူငယ် နှင့် ယဉ်ကျေးမှု။** ။ ကျွန်တော်တို့ရွာတွင် လူငယ်မောင်မယ်များသည် ရိုးရာယဉ်ကျေးမှုကို အလေးထားသူများဖြစ်ကြပါသည်။ ရိုးရာပွဲတော်၊ ဘာသာရေးပွဲတော်များကို အလေးထား ဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့စည်းများ တက်ညီ လက်ညီပါဝင်ဆောင်ရွက်ကြပါသည်။ ကျွန်တော်တို့ရွာတွင် လူငယ်အားကစားကွင်းများ၊ ကာယ လေ့ကျင့်ခန်းများ ဆောင်ရွက်ရန် နေရာအထောက်အကူပစ္စည်းများမရှိခြင်း၊ လူငယ်များ အနားယူအပန်းဖြေစရာ ပန်းခြံ၊ စာကြည့်တိုက်များ၊ လူငယ်ရိပ်သာများမရှိခြင်းတို့ကြောင့် လူငယ် များ လေ့လာမှုတစ်ရပ်အားနည်းနေပါသည်။ ထိုအရာများအားလုံးမရှိခြင်းကြောင့် အသိပညာ၊ ဗဟုသုတ၊ စဉ်စားချင့်ချိန်နိုင်စွမ်းလျော့နည်းလာပြီး မူးယစ်ဆေးဝါးများကို သုံးစွဲလာကြပြီး ရွာသည် မဖွံ့ဖြိုးတော့ပဲ ဆင်းရဲလာကြပါသည်။ လူငယ်များသည် သမရိုးကျ လယ်ယာများကို မိဘနှင့်အတူ စိုက်ပျိုးကြပြီး စားဝတ်နေရေးအတွက်ပြည်ပသို့ သွားရောက်စီးပွားရှာကြပါသည်။ ရွာတွင် လက်မှု ပညာတတ်မြောက်သူနှင့် အသက်မွေးဝမ်းကျောင်း ပြုသူရှားပါးမှုကြောင့် လူငယ်များ ပျက်စီးဆုံးရှုံး

နေရပါသည်။ ရွာ၏လူငယ်များကို ပြင်ပအဖွဲ့စည်းများနှင့် အစိုးရအဖွဲ့အစည်းများမှ အသိပညာ၊ အတတ်ပညာသင်တန်းပို့ချမှုနှင့် အခြား ဝန်ဆောင်မှုများရရှိလျှင် အလွန်ပင်အဖိုးတန်သော လူငယ်များ အမြောက်အများ ထွက်ရှိလာမည် ဖြစ်သည်။

**(၄) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။** ကျွန်တော်တို့ကျေးရွာ၏ လုံခြုံရေးအခြေအနေမှာ အသင့်အတင့်သာရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများမရှိပါ။ ကျွန်တော်တို့ရွာတွင် အဖြစ်များဆုံးအမှုမှာ ခိုးမှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ ခိုက်ရန်ဖြစ်ပွားမှုတို့ ဖြစ်သည်။ လူကုန်ကူးမှုနှင့် အကြမ်းဖက် လုယက်မှုများမရှိပါ။ နွေရာသီတွင် မူးယစ်ဆေးဝါးသုံးစွဲသူများသည် ကျွဲ၊နွားများကို ခိုးယူရောင်းချ၍ သူတို့၏လိုအင်ဆန္ဒကိုဖြည့်ဆည်းကြသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသည် ကျွန်တော်တို့ရွာ၏အဓိကရန်သူဖြစ်၍အထက်အရာရှိများက တင်းတင်းကြပ်ကြပ် လုပ်ဆောင်သင့်ပါသည်။ မူးယစ်ဆေးဝါးပေါ်များသဖြင့် ညအခါသွားလာရာတွင် အန္တရာယ်အလွန်ပင်များပါသည်။ မူးယစ်ဆေးဝါးရောင်းချသူများနှင့် သုံးစွဲသူများကို အဘယ်ကြောင့် ဖမ်းဆီးမရသည်ကို စဉ်းစား မရပါ။

ကျွန်တော်တို့ကျေးရွာ၏ မှုခင်းဖြစ်ပွားမှုအခြေအနေမှာ ဆေးသမားများ ပေါ်များခြင်းကြောင့် ဆေးကြောင်ကြောင်နေခြင်း၊ ဆေးသုံးစွဲရန်ပိုက်ဆံများအလွန်အမင်း လိုအပ်မှု ရှိနေသောကြောင့် ခိုးယူမှုအနည်းငယ်ရှိပါသည်။ လူကုန်ကူးမှု၊လူသတ်မှုများ၊ အကြမ်းဖက်မှုမရှိပါ။ ကျွန်တော်တို့ကျေးရွာတွင် ရဲစခန်းမရှိပါ။ဝန်းသိုမြို့နယ်ရဲစခန်းမှ ထိန်းသိမ်းကွပ်ကဲမှု ပေးပါသည်။

**(၅)**

**ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတ ားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်**

**(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ မွေးမြူရေးတွင်လည်း နွား၊ကြက်၊ ဝက်များကို တိုးချဲ့မွေးမြူနိုင်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်နိုင်ရန် တက်ကြွမှုရှိပါသည်။ သစ်တောထွက်ပစ္စည်းများ၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ပေါ်များပါသည်။ကျောက်၊ သဲများ ပေါ်များစွာ ရရှိနိုင်ပါသည်။

